စကားပြောကြေးနန်း(နေပြည်တော်)
ရုံး - ၄၁၁၁၄၈
ဖက်စ် - ၄၁၁၁၄၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

စာအမှတ်။ ၁(က)(၃)၂၀၂၃(၈၅၃၇) ကလရ။

ရက်စွဲ။ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ( ၂၁ )ရက်။

အကြောင်းအရာ။ **ပညာသင်ဆုလျှောက်ထားနိုင်ပါကြောင်း အကြောင်းကြားခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ကျန်းမာရေးဝန်ကြီးဌာန၏(၁၈-၉-၂၀၂၃)ရက်စွဲပါစာအမှတ်၊ ဝကရ(ပြည်တွင်း/ပြည်ပ)/၁၇-၈/၂၀၂၃/၁၃၆၉၄။

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ အိန္ဒိယနိုင်ငံသံရုံးမှ ကမ်းလှမ်းလာသည့် ပူးတွဲဖော်ပြပါ ပညာသင်ဆုများသို့ အရည်အချင်းပြည့်မီသော လုပ်ငန်းတာဝန်နှင့်ကိုက်ညီသည့် ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ Website နှင့်ဆက်သွယ်၍ လျှောက်ထားနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသဖြင့် လျှောက်ထားလိုသူများသည် သက်ဆိုင်ရာဦးစီးဌာန/တက္ကသိုလ်၏ ထောက်ခံချက်ဖြင့် https://itecgoi.in/e-itec တွင် သတ်မှတ်ရက်မတိုင်မီ တိုက်ရိုက်လျှောက်ထားနိုင်ပါကြောင်းနှင့် လျှောက်ထားသူများ၏ အမည်စာရင်းအား သင်တန်းအမည်၊ လျှောက်လွှာ၊ CV(Update)၊ ဘွဲ့လက်မှတ်မိတ္တူ၊ CDM ကင်းရှင်းကြောင်းခံဝန်ချက်၊ ၂၀၂၁ခုနှစ်နှင့်၂၀၂၂ခုနှစ်အတွင်း ရုံးတက်ရောက်မှုနှင့် လစာထုတ်ယူထားမှုမှတ်တမ်း အကျဉ်းချုပ်တို့နှင့်အတူ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနသို့ (၁၁-၁၀-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးပို့နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

21/9/23

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာကျော်စိုးညွန့်၊ညွှန်ကြားရေးမှူး)

ဖြန့်ဝေခြင်း-

(၁) ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများအားလုံး။
(၂) ပါမောက္ခချုပ်၊ တက္ကသိုလ်များအားလုံး။
(၃) ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝန်ထမ်းရေးရာ) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
(၄) ညွှန်ကြားရေးမှူး(လူ့စွမ်းအားအရင်းအမြစ်)
} ဌာနတွင်းသို့ဖြန့်ဝေနိုင်ရေး အတွက် ပေးပို့အပ်ပါသည်။
(၅) ညွှန်ကြားရေးမှူး(သူနာပြု)၊ (သင်တန်းကျောင်းများသို့ ဖြန့်ဝေနိုင်ရေးအတွက် ပေးပို့ပါသည်။

ပူးတွဲ

သင်တန်းဘာသာရပ်

## e-ITEC Online Short Training Programmes

| S.no | Institute Name | Course Title | Start Date | End Date |
|---|---|---|---|---|
| 1. | Finance for Non-Finance Background Leaders | Indian Institute of Public Administration | 5-10-2023 | 11-10-2023 |
| 2. | Online International Training Programme on Laboratory Quality Management System | National Institute of Training for Standardization(BIS) | 10-10-2023 | 13-10-2023 |
| 3. | Digital Learning and Teaching Technologies | National Institute of Technical Teachers Training and Research | 30-10-2023 | 10-11-2023 |
| 4. | Radiation Safety, Beneficial Applications of Radiation Technology | Global Center for Nuclear Energy Partnership, Bahadurgarh | 27-11-2023 | 1-12-2023 |

ပူးတွဲ

<u>အရည်အချင်းသတ်မှတ်ချက်များ</u>

(၁) မိဘနှစ်ဦးစလုံးအပြင် ဇနီး/ခင်ပွန်းအားလုံး နိုင်ငံသားဖြစ်ရပါမည်။ (ဧည့်နိုင်ငံသားနှင့် ပြုနိုင်ငံသားများကိုလည်းလျှောက်ထားခွင့်ပြုသည်။)

(၂) လျှောက်ထားသူသည် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အနည်းဆုံးအမှန်တကယ် အမှုထမ်းသက်(၁)နှစ်ရှိသူဖြစ်ရပါမည်။

(၃) အသက်ကန့်သတ်ချက်မှာ ပညာသင်ဆုကမ်းလှမ်းသည့်အဖွဲ့အစည်း၏ သတ်မှတ်ချက်အတိုင်း ဖြစ်ပြီး၊ သတ်မှတ်ချက်မရှိပါက အသက်(၅၅)နှစ်အောက်ရှိသူဖြစ်ရပါမည်။

(၄) နိုင်ငံခြားတွင်(၆)လနှင့်အထက်သင်တန်းတက်ရောက်ခဲ့သူဖြစ်ပါက မြန်မာနိုင်ငံသို့ပြန်ရောက်ပြီး အနည်းဆုံး(၃)လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရပါမည်။

(မှတ်ချက်။ ။လျှောက်ထားသူများစာရင်းအား ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြနိုင်ရေး အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ကြိုတင်ပေးပို့နိုင်ပါရန် နှင့် Acceptance Letter ရရှိပြီးမှ တင်ပြလာပါက ဆက်လက်ဆောင်ရွက်ပေးမည် မဟုတ်ပါ။)